PDF-XChange Viewer Click to buy NOW! www.docu-track.com



မြန်မာ့နိုင်ငံရေးသမိုင်းလေ့လာချက်

# ဂျပန်ခေတ်လွတ်လပ်ရေးရပြီး ကာလဖြစ်ရပ်များ

တင်နိုင်တိုး

ဂျပန်ခေတ်၁ဩဂုတ် ၁၉၄၃ တွင် လွတ်လပ်ရေးကြေညာခဲ့ပြီးနောက် ဂျပန်မြန်မာသံအပြန်အလှန်ထားရှိခဲ့ကြသည်။ ဂျပန်ခေတ်မြန်မာ့လွတ်လပ်ရေးကို ဂျာမန်၊ ထိုင်းလင်း၊ နန်ကင်း၊ ဘူလ်ဂေးရီးယား၊ မန်ချူးကိုး၊ ခရိုအေးရှား၊ စလိုဗက်ကီးယားစသည့် နိုင်ငံများက အသိအမှတ်ပြုခဲ့ကြ၏။ အလားတူ ဖိလစ်ပိုင်က လွတ်လပ်ရေးကြေညာသောအခါ၌လည်း မြန်မာနိုင်ငံက အသိအမှတ်ပြုခဲ့သည်။ သို့သော် ဂျပန်ခေတ်လွတ်လပ်ရေးမှာ အတုအယောင်လွတ်လပ်ရေးမျှသာ ဖြစ်ပါသည်။

## ဂျပန်မြန်မာမဟာမိတ်စာချုပ်

ဂျပန်တို့လွတ်လပ်ရေးကြေညာခဲ့သည့် ၁ဩဂုတ် ၁၉၄၃ မွန်းလွဲ ၂နာရီတွင် ဂျပန်နိုင်ငံနှင့်မြန်မာနိုင်ငံတို့အကြား မဟာမိတ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြသည်။ယင်းစာချုပ်အမည်ကို "ဂျပန်နိုင်ငံတော်နှင့်မြန်မာနိုင်ငံတော်တို့ချုပ်ဆိုသော မဟာမိတ်စာချုပ်" ဟုခေါ်ဆိုပါသည်။ စာချုပ်တွင် စာပိုဒ်လေးပိုဒ်ပါရှိရာ ဂျပန်နိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် လွတ်လပ်သောနိုင်ငံများဖြစ်သည့်အားလျော်စွာ နှစ်နိုင်ငံအကျိုးစီးပွားအပါအဝင် အာရှတိုက်နိုင်ငံများ၏ အကျိုးစီးပွားအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့်စစ်ရေးအရ ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြမည်ဟု ကတိပြုခဲ့ကြသည်။ ယင်းစာချုပ်ကို မြန်မာဘက်မှ ဝန်ကြီးချုပ်ဒေါက်တာဘမော်နှင့် ဂျပန်ဘက်မှ ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ရန်ဇိုဆာဝါဒါးတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။


ယင်းနေ့၌ပင် ဂျပန်မြန်မာလျှို့ဝှက်စစ်စာချုပ်တစ်ခုကိုလည်း ချုပ်ဆိုခဲ့ကြသည်။ စာချုပ်အမည်အပြည့်အစုံမှာ "ဗမာနိုင်ငံတော်နှင့် ဂျပန်နိုင်ငံတော်တို့၏ လျှို့ဝှက်သော စစ်ပဋိညာဉ် စာချုပ်"ဟူ၍ ဖြစ်သည်။ စာချုပ်တွင် စစ်အောင်နိုင်ရေးအတွက် မြန်မာက ဂျပန်တို့အား အစွမ်းကုန်ကူညီရန် အဓိကပါရှိပါသည်။ ယင်းစာချုပ်ကို မြန်မာဘက်မှ ဒေါက်တာဘမော်နှင့် ဂျပန်ဘက်မှ သေနာပတိကာဝါဘီရှီးဇောတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

## ဦးဝိစာရကျောက်ရုပ်ဖွင့်ပွဲ

သာသနာ့အာဇာနည် ဆရာတော်ဦးဝိစာရအထိမ်းအမှတ်ကျောက်တိုင်နှင့် ကြေးရုပ်ဖွင့်ပွဲအခမ်းအနားကို ၂ အောက်တိုဘာ ၁၉၄၃ တွင် ကျင်းပခဲ့သည်။ ယင်းဖွင့်ပွဲအခမ်းအနားသို့ စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တက်ရောက်ကာ မိန့်ခွန်းပြောကြားခဲ့သည်။ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားရာတွင် "ကျွန်ုပ်တို့သည် မင်္ဂလာတရားတော်အရ ပူဇော်ထိုက်သူကိုပူဇော်ရမည်ဆိုသည့်အတိုင်း ပူဇော်သက္ကာရပြုကြခြင်းသာဖြစ်ကြောင်း၊ ကျွန်ုပ်တို့ ဤသို့ လာရောက်ပူဇော်ခြင်းမှာလည်း အာဇာနည်ပုဂ္ဂိုလ်၏ အနိုင်မခံအရှုံးမပေးလိုစိတ်၊ မျိုးချစ်စိတ်အမြုတေစိတ်များကို ချီးကျူးပူဇော်ခြင်းပင်ဖြစ်ကြောင်း" စသည်ဖြင့် ပါရှိပါသည်။

## မဟာအရှေ့အာရှကွန်ဂရက်

မဟာအရှေ့အာရှကွန်ဂရက်ကို ဂျပန်ခေတ်ကာလ ၅ နိုဝင်ဘာ ၁၉၄၃ တွင် စတင်ကျင်းပခဲ့သည်။ မြန်မာနိုင်ငံမှ ယင်းကွန်ဂရက်သို့ တက်ရောက်ရန် ဒေါက်တာဘမော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၃ ရက်နေ့တွင် ဂျပန်နိုင်ငံ၊တိုကျိုမြို့တော်သို့ ရောက်ရှိခဲ့ကြသည်။နိုဝင်ဘာလ၅ ရက်နှင့်၆ရက်နေ့များတွင်ကျင်းပခဲ့သည့် ယင်းကွန်ဂရက်သို့တက်ရောက်ခဲ့ကြသူများမှာဂျပန်ဝန်ကြီးချုပ်တိုကျိုး၊ တရုတ်သမ္မတဝမ်ကျင်းဝေ(Wang Jing Wei)၊ယိုးဒယားမင်းသားဝမ်ဝေသယာကုန်(Prince Wan Waithayakon)၊ မန်ချူးကိုးဝန်ကြီးချုပ် ကျန်ကျင်ဟွေ(Zhang Jing Hui)၊ ဖိလစ်ပိုင်သမ္မတဂျို့စ်ပီလောရယ်(Jose P. Lawrel)၊ မြန်မာဝန်ကြီးချုပ်ဒေါက်တာဘမော်နှင့်လွတ်လပ်သောအိန္ဒိယအစိုးရအဖွဲ့ခေါင်းဆောင်ဆူဘတ်ချန္ဒရာဘို့စ်(Subhas Chandra Bose)တို့ဖြစ်ကြသည်။ ယင်းမဟာအရှေ့အာရှကွန်ဂရက်မှကြေညာချက်တစ်ရပ်ကိုလက်ခံအတည်ပြုခဲ့ကြသည်။



မဟာအရှေ့အာရှကွန်ဂရက်တက်ရောက်ခဲ့ကြသည့် အာရှခေါင်းဆောင်များ (ဝဲဘက်အစွန်းဆုံးပုဂ္ဂိုလ်မှာ ဒေါက်တာဘမော်ဖြစ်သည်။)

## ဗမာ့အမျိုးသားတပ်မတော်

ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ကို ၂၇ဇူလိုင်၁၉၄၂တွင် ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ဟု အမည်ပြောင်းလဲခေါ်ဆိုခဲ့ပြီးနောက် ၁၆ဒီဇင်ဘာ ၁၉၄၃ တွင် ဗမာ့အမျိုးသားတပ်မတော် (Burma National Army)(B.N.A)ဟူ၍ အမည်ပြောင်းလဲ လိုက်ပြန်ပါသည်။ ဗမာ့တပ်မတော်စစ်ဦးစီးအဖွဲ့တွင် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဒုတိယစစ်ဝန်ကြီးဗိုလ်စကြာ၊ ဖွဲ့စည်းရေးဌာနကြီးမှူးဗိုလ်လက်ျာ၊ စစ်သေနာပတိဗိုလ်နေဝင်း၊ စစ်ဦးစီးချုပ်ဗိုလ်ဇေယျတို့ ပါဝင်ပါသည်။

## စစ်ပညာသင်များ

ဂျပန်ခေတ်တွင် စစ်ပညာသင်ကြားရေးအတွက် မင်္ဂလာဒုံဗိုလ်သင်တန်းဆင်းဗမာ့ကာကွယ်ရေးတပ်မတော်သားများထဲမှအချို့ကို ဂျပန်နိုင်ငံသို့ပို့ပေးခဲ့သည်။ ပထမသုတ်မှာ ဂျပန်ခေတ်လွတ်လပ်ရေးမရမီ ၆ဇွန် ၁၉၄၃ကပင်ထွက်ခွာသွားခဲ့ကြသည်။ လူငယ်ရဲဘော်၃၀ဦးပါဝင်ခဲ့ရာတွင် အမည်ထင်ရှားသူအချို့မှာ ကိုခင်မောင်(သံမဏိ)၊ ကိုတင်မောင်(သိပ္ပံမှူးတင်)၊ ကိုတင်မောင်(စာရေးဆရာမြတ်ထန်) စသူတို့ဖြစ်ကြသည်။ယင်းစစ်ပညာသင်များသည် ဂျပန်နိုင်ငံတိုကျိုမြို့သို့ ၁၀ ဇူလိုင်၁၉၄၃ တွင်ရောက်ရှိခဲ့ကြသည်။

## အရပ်ဘက်ပညာသင်များ

ဂျပန်ခေတ်တွင် ဂျပန်နိုင်ငံသို့ စစ်ပညာသင်သွားရောက်ကြသကဲ့သို့ အရပ်ဘက်ပုဂ္ဂိုလ် ၄၇ ဦးကိုလည်း ပညာတော်သင်အဖြစ် စေလွှတ်ခဲ့သည်။ပထမဆုံးဂျပန်နိုင်ငံသို့ ထွက်ခွာခဲ့သူနှစ်ဦးမှာ အဓိပတိဒေါက်တာဘမော်၏သား ဇာလီမော်နှင့် ဒေါက်တာဘမော်၏တူ ကိုဝင်းဟန်တို့ဖြစ်ကြသည်။ယင်းနောက် အဖွဲ့ဝင်၄၅ ဦးကို ပထမအသုတ်အဖြစ် ၁၅ဦး၊ ဒုတိယအသုတ်အဖြစ် ၃၀ဦး ခွဲ၍စေလွှတ်ခဲ့သည်။အရပ်သားပညာတော်သင်ပထမသုတ်၁၅ဦးတွင် ဂျပန်စကားနှင့်စာပေပညာရပ်သင်ယူခဲ့သူကိုသက်ထွန်းမှာယခုအငြိမ်းစားသံအမတ်ကြီးဦးသက်ထွန်းပင်ဖြစ်ပါသည်။

ပညာတော်သင်ဒုတိယသုတ်၃၀ ဦးသည် ၁၀မေ၁၉၄၄တွင်ထွက်ခွာခဲ့ကြ၏။(ပထမသုတ်မှာ လွတ်လပ်ရေးမရမီ ၄ဇွန်၁၉၄၃ကပင် ထွက်ခွာခဲ့ကြခြင်းဖြစ်သည်။)ဒုတိယအသုတ်တွင် လူငယ်အများစုမှာ အင်ဂျင်နီယာပညာရပ်များကိုသင်ယူခဲ့ကြ ၏။ အင်ဂျင်နီယာပညာသင်အရပ်သားများမှာ ကိုသန်းတင်(မီးရထားလျှပ်စစ်အင်ဂျင်နီယာ)၊ကိုဝင်းတင်(မြို့ပြအင်ဂျင်နီယာ)၊ကိုမျိုးသော်(ဝိုင်ယာလက်ဆက်သွယ်ရေး)၊ ကိုကြည်ခင်(ရေအားနှင့် ဆည်မြောင်းအင်ဂျင်နီယာ)၊ ကိုစိုက်ဒိုး(အသံလွှင့်အင်ဂျင်နီယာ)၊ ကိုထွန်းရှိန်(ရေယာဉ်အင်ဂျင်နီယာ)၊ ကိုတင်ဦး(ရေနွေးငွေ့စက်အင်ဂျင်နီယာ)၊ ကိုသိန်းတန်(သင်္ဘောအင်ဂျင်နီယာ)၊ ကိုအောင်ကြူး(သင်္ဘောလျှပ်စစ်အင်ဂျင်နီယာ) စသူတို့ဖြစ်ကြသည်။

## ကွန်မြူနစ်ပါတီ

ဗမာပြည်ကွန်မြူနစ်ပါတီ၏ နိုင်ငံလုံးဆိုင်ရာပထမကွန်ဂရက်ကို ၂၁ ဇန်နဝါရီ၁၉၄၄တွင် ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ညောင်ချောင်းကျေးရွာအနီးရှိ လယ်တဲတစ်ခု၌ လျှို့ဝှက်စွာ ကျင်းပခဲ့သည်။ယင်းကွန်ဂရက်သို့ ပါတီကိုယ်စားလှယ် ၆ ဦးနှင့် ဧည့်သည်တော်တစ်ဦးတို့ တက်ရောက်ခဲ့ကြသည်။ ထိုသူများမှာ သခင်စိုး၊ကိုသွင်(ကျိုက်မရော)၊ကိုကျော်ဝင်း(ရဲနီကျော်ဝင်း)၊ကိုထွန်းစိန်၊ ကိုစံညွန့်၊သခင်တင်မြနှင့်ကိုငွေးအောင်(ဧည့်သည်တော်၊ကျိုက်လတ်)တို့ဖြစ်ကြသည်။(သခင်စိုးသည် နောင်တွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်ကာ ကွန်မြူနစ်ပါတီဗမာပြည်ခေါ်အလံနီပါတီကိုတည်ထောင်ခဲ့သည်။ ယင်းပါတီမှာ၁၉၄၆ခုဇူလိုင်လတွင်မတရားအသင်းအဖြစ်ကြေညာခြင်းခံခဲ့ရ၏။)

## သခင်သိန်းဖေ၏ ပြည်ပခရီး

သခင်သိန်းဖေနှင့် သခင်တင်ရွှေတို့သည် ဖက်ဆစ်ဂျပန်အားတွန်းလှန်နိုင်ရန်မဟာမိတ်တို့နှင့်ပူးပေါင်းရေးအတွက် ၁၇ ဇွန် ၁၉၄၂ ကပင် ကျောက်ဆည်ဘီးလင်းမှ အိန္ဒိယသို့ ဦးတည်ထွက်ခွာခဲ့ကြသည်။ သို့သော် ဂျပန်တို့၏ ရန်ကို ရှောင်ရှားသွားရောက်ခဲ့ရသဖြင့် ပုသိမ်၊ သာပေါင်း၊ မင်းပြား၊ ကျောက်တော်၊ ပလက်ဝတို့သို့ အဆင့်ဆင့်ရောက်ရှိခဲ့ကြ၏။ နောက်ဆုံးတွင်မှ အိန္ဒိယသို့ ရောက်ရှိခဲ့ကြသည်။ အိန္ဒိယသို့ ဦးတည်သွားရောက်ခဲ့ကြခြင်းမှာဗြိတိသျှတို့ ရခိုင်ဒေသမှပြောင်းရွှေ့ခေါ်ဆောင်သွားသော နဂါးနီကိုထွန်းရွှေအပါအဝင်နိုင်ငံရေးအကျဉ်းသားအများစုမှာဘင်္ဂလားပြည်နယ်၊ ကော်မီလာအကျဉ်းထောင်၌ရောက်ရှိနေကြောင်း သတင်းကြားသိရသဖြင့်လည်းဖြစ်သည်။

သခင်သိန်းဖေတို့သည် အိန္ဒိယတွင် ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းလုပ်ဆောင်ရန် အဆင်မပြေနိုင်ကြောင်းရိပ်စားမိသောအခါ အိန္ဒိယကွန်မြူနစ်ပါတီအတွင်းရေးမှူးရဲဘော်ဂျိုရှီထံမှစာနှင့်အတူ တရုတ်နိုင်ငံ၊ ချုံကင်းသို့ ကူးသွားကြသည်။ ထို၌ တရုတ်ကွန်မြူနစ်ပါတီကိုယ်စားလှယ်ရဲဘော်ချူအင်လိုင်း(နောင်ဝန်ကြီးချုပ်)က အကူအညီပေး၏။ သို့သော်ထင်သလောက်ခရီးမပေါက်သဖြင့် ၁၉၄၃ ခုဩဂုတ်လတွင် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားသို့ ပြန်လာခဲ့ကြသည်။ ယင်းနောက်ဒေလီမြို့ဗြိတိသျှအစိုးရပြန်ကြားရေးဝန်ကြီးဌာနခွဲ၌ ဝင်ရောက်အလုပ်လုပ်ကိုင် ခဲ့သည်။

## လေနတ်သားသတင်းစဉ်

ဗြိတိသျှဝါဒဖြန့်ချိရေးဌာနမှ လေနတ်သားအပတ်စဉ်သတင်းကို ၁၀ မေ ၁၉၄၃ တွင် စတင်ထုတ်ဝေခဲ့သည်။ ယင်းသတင်းစဉ်ကို ဦးခင်ဇော်(နောင်မြန်မာ့အသံညွှန်ကြားရေးမှူး) က စီစဉ်ပေးရသည်ဆို၏။ လေနတ်သားသတင်းစဉ်ကို မြန်မာပြည်အရပ်ရပ်သို့ လေယာဉ်ထက်မှကြဲချပေးရသည်။

သခင်သိန်းဖေသည် ဗြိတိသျှပြန်ကြားရေးဌာန၌ဝင်ရောက်လုပ်ကိုင်နေသော်လည်း လေနတ်သားသတင်းစဉ်နှင့်ပါဝင်ပတ်သက်မှုမရှိကြောင်း ဆိုပါသည်။သခင်သိန်းဖေက "အများပြည်သူတို့က လေနတ်သားနှင့် အခြားဖြန့်ဖြူးရေးတို့တွင် ကျွန်တော် တွင်ကျယ်နေသည်ဟုထင်ကြသည်။ ထိုအထင်ကားမှား၏။ ၎င်းတို့မှာ ဗြိတိသျှတို့၏လုံးဝခြယ်လှယ်သော ဝါဒဖြန့်ခြင်းများဖြစ်သည်။ ၎င်းတို့၏ အာဘော်နှင့်ကျွန်တော်ဘာမျှမဆိုင်"ဟူ၍ ကာလကတ္တားမှနေ၍ မြန်မာ့အလင်းသတင်းစာ(၅-၈-၁၉၄၅)တွင် ဖြေရှင်းခဲ့သည်။

*ကျမ်းကိုး*

၁။ ကိုလိုနီခေတ်မြန်မာ့သမိုင်း အဘိဓာန်(မြဟန်)

၂။ မြန်မာနိုင်ငံသတင်းစာများအညွှန်း(တက္ကသိုလ်ထင်ကြီး)

၃။ စစ်အတွင်းခရီးသည်(သိန်းဖေမြင့်)



စစ်ဝတ်စုံဖြင့် တွေ့ရှိရသော ဒေါက်တာဘမော်

